ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

(၂၁)ရက်မြောက်နေ့**မှတ်တမ်း**

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

[ဗုဒ္ဓဟူးနေ့]

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ရဲ့ လက်ကိုင်ဖုန်းများ ပိတ်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၀၀။

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အချိန်၊ ၁၀း၀၃။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

အချိန်၊ ၁၀း၀၄။

ဥက္ကဋ္ဌ။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၀၅။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့် အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၈၄)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၂.၅၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

အချိန်၊ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၇။

ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ၂၁ - ၂ - ၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့် အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင့်လွင်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်လှိုးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးနှင့် ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေးတို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၂)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၀၉။

ဥက္ကဋ္ဌ။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ညြဘာသံများ)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၁၀။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

အချိန်၊ ၁၀း၁၁။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း ကောက်ယူပြီးစီးသည်မှာ (၃)နှစ်ခွဲကျော် ကြာလာပြီဖြစ်သော်လည်း မြန်မာနိုင်ငံ၏ လူဦးရေနှင့်ပတ်သက်၍ လူမျိုးအလိုက်၊ လူမျိုးစုအလိုက် ရလဒ် ထုတ်ပြန်ခြင်း မရှိသေးသဖြင့် မည်သည့်အချိန်တွင် ထုတ်ပြန်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၁။

ဥက္ကဋ္ဌ။ ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း ကောက်ယူပြီးစီးခဲ့သည်မှာ (၃)နှစ်ခွဲကျော် ကြာလာပြီဖြစ်သော်လည်း မြန်မာနိုင်ငံ၏ လူဦးရေနှင့် ပတ်သက်၍ လူမျိုးအလိုက်၊ လူမျိုးစုအလိုက် ရလဒ် ထုတ်ပြန်ခြင်း မရှိသေးသဖြင့် မည်သည့်အချိန်တွင် ထုတ်ပြန်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၂။

ဦးရှုန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။　　။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရှုန်အောရ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ခုနပြောတဲ့အတိုင်း ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း ကောက်ယူပြီးစီးသည်မှာ (၃)နှစ်ခွဲကျော် ကြာလာပြီ ဖြစ်သော်လည်း မြန်မာနိုင်ငံ၏လူဦးရေနှင့် ပတ်သက်ပြီးတော့ လူမျိုးအလိုက်၊ လူမျိုးစုအလိုက် ရလဒ် ထုတ်ပြန်ခြင်း မရှိသေးတဲ့အတွက်ကြောင့် မည်သည့်အချိန်မှာ ထုတ်ပြန်မယ် ဆိုတဲ့အကြောင်းကို သိရှိ လိုခြင်းဖြစ်ပါတယ်။

အကြောင်းအကျိုးတင်ပြချက်ကတော့ ၂၀၁၄ ခုနှစ်မတိုင်မီ နောက်ဆုံး သန်းခေါင်စာရင်းကို ၁၉၈၃ ခုနှစ်မှာ ကောက်ယူခဲ့ပါတယ်။ (၃၁)နှစ်ကြာမှ ကောက်ယူခဲ့တာဆိုတော့ ပြည်ထောင်စုနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ လူမျိုးအလိုက်၊ လူမျိုးစုအလိုက် တိုင်းရင်းသားလူမျိုးများရဲ့ လူဦးရေ အတိအကျကို ပြည်သူလူထုတစ်ရပ်လုံးကလည်း အလွန် သိချင်နေကြပါတယ်။ သန်းခေါင်စာရင်းရလဒ် တွေကို စိစစ်တွက်ချက်ခြင်းဟာ အချိန်ယူရတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ နောက်ပြီးတော့ လူမျိုးနှင့် လူမျိုးစုအလိုက် သတ်မှတ်ခြင်းဟာလည်းပဲ အလွန်အငြင်းပွားဖွယ်(Controversial) ဖြစ်တယ် ဆိုတာ အားလုံး သိပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လူမျိုးပေါင်း(၁၃၅)မျိုးရှိတယ်ဆိုတာ အငြင်းပွားစရာ ဖြစ်ပါတယ်။ ဒီလိုလူမျိုးဖောင်းပွတာဟာ ချင်းလူမျိုးကို (၅၃)မျိုးရှိတယ်လို့ သတ်မှတ်လိုက်လို့ ဖြစ်ပါတယ်။ အမှန်က ချင်းလူမျိုးဆိုတာ တစ်ခုပဲရှိပါတယ်။ ဘာသာစကားနှင့် ဓလေ့ထုံးစံကို အခြေခံပြီးတော့ ပြန်လည် စုစည်းလိုက်တဲ့အခါမှာ ချင်းလူမျိုး(၆)မျိုးလောက်ပဲ ထွက်လာပါတယ်။ ဒါဟာလည်းပဲ ဒေသိယ စကားပေါ်မှာအခြေခံပြီးတော့ သတ်မှတ်လိုက်ခြင်းဖြစ်ပါတယ်။ ဒေသိယစကားလို့ခေါ်တဲ့ (Dialects) ပေါ့။ အဲဒီ ကွဲပြားတဲ့အတွက် ဒီလို အခြေခံလို့ ဒီလိုဖောင်းပွလာခြင်း ဖြစ်ပါတယ်။ ဒေသိယစကားတွေကို အခြေခံ ပြီးတော့ပြောရင် မြန်မာနိုင်ငံမှာ လူမျိုးစုပေါင်းဟာ (၂၀၀)ကျော်ရှိတယ်ဆိုတာ သန်းခေါင်စာရင်း ကောက်ယူတုန်းက တာဝန်ယူခဲ့ရတဲ့ ဝန်ကြီးက မှတ်ချက်ပြောသွားတာကို ကျွန်တော် မှတ်သားခဲ့ ရပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စု၊ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြန်လည်တည်ထောင်နိုင်ရေးအတွက် ၂၁ ရာစု ပင်လုံညီလာခံက ဦးတည် နေချိန်မှာ တိုင်းရင်းသားလူမျိုးများရဲ့ လူဦးရေအခြေအနေကို အတိအကျသိရေးဟာ အရေးကြီးတဲ့ အတွက် မြန်မာနိုင်ငံရဲ့ လူဦးရေနှင့်ပတ်သက်ပြီးတော့ လူမျိုးအလိုက်၊ လူမျိုးစုအလိုက်၊ ဆွေမျိုးစုအလိုက် သန်းခေါင်စာရင်းကို အတိအကျ သိရှိနိုင်ဖို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၁၄။

ဥက္ကဋ္ဌ။　　။ မေးခွန်းနှင့် ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၄။

ဖြေကြားချက်

ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ရဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့မှ ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူတဲ့နေရာမှာ ၁၉၇၃ ခုနှစ်က ကောက်ယူရရှိမှတ်တမ်းတင်ထားခဲ့တဲ့ လူမျိုး(၁၃၅)မျိုး စာရင်းကို အခြေခံဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူတဲ့နေရာမှာ နိုင်ငံတကာ စံချိန်စံညွှန်းများအရ လူမျိုးအမည် ဖြည့်သွင်းတဲ့ နေရာမှာ ဖြေဆိုသူရဲ့ ပြောကြားချက်အတိုင်းသာ ကောက်ယူခဲ့ရခြင်း ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း မကောက်ယူမီနှင့် ကောက်ယူပြီးကာလများမှာ လူမျိုးအမည်၊ ဖွဲ့စည်းမှု၊ လူမျိုးအုပ်စုများနှင့် ပတ်သက်ပြီး အငြင်းပွားဖွယ်ရာကိစ္စရပ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများရဲ့ မေးမြန်းချက်များ၊ တင်ပြချက်များကိုလည်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနှင့် လက်ခံရရှိခဲ့ပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် လူမျိုးများ၊ မေးခွန်းများမှာ နိုင်ငံတော်က အသိအမှတ်ပြုထားသော လူမျိုးစာရင်းသာ ပါဝင်ခြင်းရှိ/မရှိ စိစစ်ပြန်ကြားပေးဖို့ မေးမြန်းပါတယ်။

လူမျိုးတစ်မျိုးစီ ဟုတ်မဟုတ် ပြန်စိစစ်ရန် မေးမြန်းပါတယ်။ သီးခြားမျိုးနွယ်စု တစ်ခုဖြစ်ပြီးတော့မှ မျိုးနွယ်စုကြီးတွေ ၎င်းတို့မျိုးနွယ်စုက မပါဝင်ကြောင်းလည်းပဲ တင်ပြလာတာရှိပါတယ်။ လူမျိုးစုအမည်မှန်၊ လူမျိုးတို့ရဲ့ ကိုယ်ပိုင်အမည်ကို မူရင်းအတိုင်း မှန်ကန်စွာ ရေးသားပြောဆို သုံးနှုန်းနိုင်ရေးအတွက် တရားဝင်အသိအမှတ်ပြုချက် ထုတ်ပြန်ပေးဖို့လည်း အချို့လူမျိုးများက တင်ပြလာပါတယ်။ လူမျိုးစုတစ်စုမှ အခြားလူမျိုးစုတစ်စုသို့ ပြောင်းရွှေ့ပေးရန်လည်းပဲ တင်ပြချက်ရရှိပါတယ်။ ဥပမာအားဖြင့်လည်း ကချင်လူမျိုးစုတွင် လူမျိုး(၁၂)မျိုးအစား (၆)မျိုးသာရှိကြောင်း အချို့က တင်ပြပါတယ်။ အလားတူပါပဲ ကရင်လူမျိုးစုမှာ လူမျိုး(၁၂)မျိုးအစား (၇)မျိုးပဲရှိတယ်လို့လည်း တင်ပြချက် တချို့ ရရှိပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့သလိုပါပဲ။ ချင်းလူမျိုးစုမှာလည်း (၅၃)မျိုးမရှိကြောင်း တင်ပြချက်များ လက်ခံရရှိပါတယ်။

၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းမှ ကောက်ယူရရှိတဲ့ လူမျိုးစာရင်းများမှာ တိုင်းရင်းသားလူမျိုးများ ဖွဲ့စည်းပါဝင်မှု၊ တိုင်းရင်းသား လူမျိုးစုငယ်များပါဝင်မှု၊ စာလုံးပေါင်းသတ်ပုံ၊ အမည်နာမအသစ်၊ တိုင်းရင်းသားဖြစ်ခြင်း မဖြစ်ခြင်း စတဲ့ ကိစ္စရပ်များမှာ အငြင်းပွားဖွယ်ရာများရှိနေပါတယ်။ ညှိနှိုင်းဆွေးနွေးမှုများလည်း ကျွန်တော်တို့ စဉ်ဆက်မပြတ် ပြုလုပ်ဖို့ လိုအပ်နေတာလည်းပဲ တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီလို အငြင်းပွားဖွယ်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ပြီးမှသာလျှင်

ထုတ်ပြန်သွားဖို့ ကျွန်တော် လျှာထားပါတယ်။ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ဖို့အတွက် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုလည်းပဲ တင်ပြထားပြီးဖြစ်ပါတယ်။ တိုင်းရင်းသားရေးရာကော်မတီဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ သမိုင်းပညာရှင်၊ ယဉ်ကျေးမှုပညာရှင်နှင့် လူဦးရေပညာရှင်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ အဆင့်ဆင့်ညှိနှိုင်းဆွေးနွေးပြီးတော့မှ တိုင်းရင်းသားလူမျိုးများ၊ အမည်များ သတ်မှတ်ပြီးမှသာလျှင် ထုတ်ပြန်နိုင်မည်ဖြစ်ပါကြောင်းနှင့် ထုတ်ပြန်မည့် နေ့ရက်အတိအကျကိုတော့ လောလောဆယ် ဖြေကြားရန် အစီအစဉ်မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၁၈။

ဥက္ကဋ္ဌ။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၀င်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

အချိန်၊ ၁၀း၁၈။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေး၀န်ကြီးဌာန၊ ဒုတိယ၀န်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ၀န်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ထောက်ပံ့ငွေများကို ပြန်လည်စိစစ်သုံးသပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

အချိန်၊ ၁၀း၁၉။

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ထောက်ပံ့ငွေများကို ပြန်လည်စိစစ် သုံးသပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၉။

ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု၀န်ကြီးများ အားလုံး ကျန်းမာရှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ '၀' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ခံစားခွင့်ပြုထားသော ထောက်ပံ့ငွေနှင့် စပ်လျဉ်းသော မေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ဒီမိုကရေစီခေတ်အစိုးရယန္တရား၏ အောက်ခြေအဆင့်ဖြစ်သော မြို့နယ်အုပ်ချုပ်ရေးအပိုင်းတွင် ၀န်ထမ်းများသာဖြစ်ကြပြီး လုပ်ပိုင်ခွင့်နှင့် လုပ်ခလစာများလည်း ထိုက်တန်စွာ နိုင်ငံတော်မှစီစဉ်ပေးထားပါတယ်။ သို့ရာတွင်

ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများမှာ ပြည်သူမှတစ်ဆင့်ရွေးချယ်ပြီး ဌာနမှတာဝန် ခန့်အပ်ခြင်း ဖြစ်ပါတယ်။ ရရှိသော လစာ၊ လစဉ်ထောက်ပံ့ကြေးငွေမှာ နေ့စားဝန်ထမ်းအဆင့်ထက်ပင် နည်းပါး နေသည်ကို တွေ့ရှိရပါတယ်။ တချို့ရပ်ကွက်၊ ကျေးရွာများမှာ ငယ်သဖြင့် လုပ်ငန်းတာဝန် မကြီးမား သော်လည်း ရပ်ကွက်၊ ကျေးရွာအုပ်စုများကဲ့သို့ပင် တစ်ပြေးညီတာဝန်ထမ်းဆောင် နေကြရပါတယ်။ ဝေးလံခေါင်သီသော အုပ်ချုပ်ရေးမှူးများ၏ ခရီးသွားလာစရိတ်ကို ရပ်ကွက်ကပင် စုပေါင်းထည့်ဝင်ပေး နေရဆဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ထောက်ပံ့ငွေကို ပြန်လည် စိစစ်သုံးသပ်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ အောက်ပါမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီအစိုးရ၏ အောက်ခြေယန္တရားဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ စရိတ်ထောက်ပံ့ငွေ ကိစ္စများကို ပြန်လည်သုံးသပ်၍ ဖြစ်နိုင် ခြေရှိသော အတိုင်းအတာတစ်ခုအထိ ရရှိခံစားနိုင်ရန် ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ ပြောင်းလဲသတ်မှတ်ပေးနိုင်မည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နိုင်ငံကူးလက်မှတ်စာအုပ်များ ရေးသားရန် စာမျက်နှာပြည့်သွား၍ စာအုပ်သစ် လျှောက်ထားထုတ်ပေး ရာတွင် စာအုပ်နံပါတ်အသစ်များဖြင့် ထုတ်ပေးမည့်အစား နံပါတ်အဟောင်းများဖြင့်သာ ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၂၁။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ မောင်မောင် က နိုင်ငံကူးလက်မှတ်စာအုပ်များ ရေးသားရန် စာမျက်နှာပြည့်သွား၍ စာအုပ်သစ် လျှောက်ထားထုတ်ပေးရာတွင် စာအုပ်နံပါတ်အသစ်များဖြင့် ထုတ်ပေးမည့်အစား နံပါတ်အဟောင်း များဖြင့်သာ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၂၁။

ဒေါက်တာမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဧည့်သည်တော်များ ခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ လေးစားစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော်မေးမြန်းလိုသည်မှာ နိုင်ငံကူးလက်မှတ်များရေးသားရန် စာမျက်နှာပြည့်သွား၍ စာအုပ် သစ်ထုတ်ပေးရာတွင် စာအုပ်နံပါတ်အသစ်များအစား Pin အသစ်များအစား နံပါတ်အဟောင်းများ ဖြင့်သာ ဆက်လက်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း ဖြစ်ပါတယ်။

မေးခွန်းမေးမြန်းရခြင်းရဲ့ အကြောင်းကတော့ နိုင်ငံကူးလက်မှတ်အသစ်များ ထုတ်ပေးရာ တွင် နံပါတ်အသစ်များဖြင့် ထုတ်ပေးလျက်ရှိရာ သာမန်အလည်အပတ်သွားသူများအတွက် ပြဿနာ မရှိသော်လည်း နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်နေရသူများ အတွက်မူ များစွာ အလုပ်ရှုပ် ငြူစူ ခံရ

ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရှိ လူဝင်မှုကြီးကြပ်ရေးဌာန၊ အလုပ်သမားဌာန၊ ကုမ္ပဏီရုံး၊ ဘဏ်များ၊ အမြတ်တော်ခွန်ရုံးများသို့ နံပါတ်သစ်များ လဲလှယ်ထားကြောင်း သတင်းပေးရပါတယ်။ သို့သော် စာအုပ်အသစ်တွင် စာအုပ်အဟောင်း မည်သည့်နံပါတ်အတွက် အစားထိုးထုတ်ပေးကြောင်းကို ရိုက်နှိပ်ပေးထား၍ ပြောရဆိုရ၊ ရှင်းရ အတန်ငယ်လွယ်ကူသွားပါတယ်။ နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေကြသူများသည် တစ်နှစ်တစ်ခါ အမိနိုင်ငံသို့ ပြန်လာပြီး မိသားစုဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် တွေ့ဆုံရန် ခွင့်ရက်များကို ချွေတာစုဆောင်းထားရပါတယ်။ နိုင်ငံကူးလက်မှတ် ပြောင်းလဲပါကရုံးများသို့ အသိပေးတင်ပြရန်အတွက် ခွင့်ယူပြီးသွားရပါသဖြင့် ကျန်ရှိခွင့်များ လျော့နည်းသွားရပါတယ်။

သို့ဖြစ်ပါသောကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုသည်မှာ နိုင်ငံကူးလက်မှတ်နံပါတ်များကို နိုင်ငံသားမှတ်ပုံတင်နံပါတ်များကဲ့သို့ အပြောင်းအလဲမရှိ ထုတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိလို၍မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်။

အချိန်၊ ၁၀း၂၃။

ဥက္ကဋ္ဌ။　　။ မေးခွန်းများနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၂၃။

ဖြေကြားချက်

ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ် ခင်ဗျား။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စား ပြန်လည် ရှင်းလင်း ဖြေကြားသွားပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့၊ ကျေးရွာများ ဖွံ့ဖြိုးလာတဲ့အတွက် ရပ်ကွက်၊ ကျေးရွာအုပ်စုများ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းပေးရန် ဒေသခံများရဲ့ တောင်းဆိုချက်အပေါ်မူတည်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုးမြှင့် ဖွဲ့စည်းပေးလျက်ရှိတဲ့အခါမှာ ၂၀၁၁ ခုနှစ်မှာ တစ်နိုင်ငံလုံးမှာ ရပ်ကွက်အုပ်စုပေါင်း (၁၆၆၇၁)ရှိရာမှာ ၂၀၁၇ခုနှစ်မှာတော့ (၁၆၉၀၆) အထိ ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကိုထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့် ခံစားခွင့်များကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအခြေအနေအရ နှစ်ကာလအလိုက် ခွင့်ပြုတိုးမြှင့်ပေးလျက်ရှိသည့်အားလျော်စွာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရဲ့ လစဉ်ခြီးမြှင့်ထောက်ပံ့ငွေကို နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေအခြေအနေ၊ ခေတ်ကာလအခြေအနေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းသဘောသဘာဝအခြေအနေ၊ နယ်မြေ ဒေသန္တရ အခြေအနေအရပ်ရပ်တို့ကို လွှမ်းခြုံထည့်သွင်းစဉ်းစားပြီး သင့်တော်မှုရှိနိုင်တဲ့ လစဉ်ခြီးမြှင့်ထောက်ပံ့ငွေ ပမာဏတစ်ရပ်ကို သတ်မှတ်ခွင့်ပြုပေးလျက်ရှိပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရဲ့ လစဉ်ခြီးမြှင့်ထောက်ပံ့ငွေနှင့် စပ်လျဉ်းပြီး ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၈ မှာ ပြည်ထောင်စု အစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် လစဉ်ခြီးမြှင့်ထောက်ပံ့ငွေ သက်တမ်းကာလအပြည့် တာဝန်ကိုကျေပြွန်စွာ ထမ်းဆောင်ပါက တစ်လုံးတစ်ခဲတည်း ခြီးမြှင့်ငွေ သတ်မှတ်ပေးရမည်ဟု ပြဋ္ဌာန်းထားမှုအရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို လစဉ်ခြီးမြှင့်ထောက်ပံ့ငွေ ပေးအပ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လစဉ်ခြီးမြှင့်ထောက်ပံ့ငွေကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ရန်ပုံငွေ မှ စတင်ပြီး အုပ်ချုပ်ရေးမှူးများ၏ လစဉ်ခြီးမြှင့်ထောက်ပံ့ငွေ (၇၀၀၀၀) ကျပ်နှင့် အုပ်ချုပ်ရေးရုံး အသုံးစရိတ် (၅၀၀၀၀)ကျပ်တို့ကို သတ်မှတ်ပေးပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေနှင့် အထွေထွေအုပ်ချုပ်ရေးဌာနရဲ့ ငွေစာရင်းမှ လစဉ် ခွင့်ပြုခြီးမြှင့်ပေးလျက်ရှိပါတယ်။ ရုံးအသုံးစရိတ်မှလည်း စက်ဆီ၊ ဓာတ်ဆီ၊ ချောဆီအပြင် သယ်ယူပို့ဆောင်ခ အပါအဝင် အသုံးစရိတ်များ သုံးစွဲခွင့်ကိုလည်း ခေါင်းစဉ်အရ ခွင့်ပြုထားရှိကြောင်း တွေ့ရှိရပါတယ်။

မြန်မာတစ်နိုင်ငံလုံးမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၆၉၀၆)အုပ်စု ရှိပါတယ်။ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးကို တစ်လလျှင် စားစရိတ်ခြီးမြှင့်ငွေ (၇၀၀၀၀)ကျပ်ဖြင့် ထောက်ပံ့လျက်ရှိရာမှာ တစ်လအတွက်ကုန်ကျငွေမှာ ကျပ်သန်း (၁၁၈၃.၄၂၀) ကုန်ကျပြီးတော့ တစ်နှစ်မှာ ကျပ်သန်းပေါင်း (၁၄၂၀၁.၀၄၀) ထောက်ပံ့ပေးလျက်ရှိပါတယ်။ ရုံးအသုံးစရိတ် တစ်လကို ကျပ်(၅၀၀၀၀)နှုန်းဖြင့် တစ်လအတွက် ကျပ်သန်းပေါင်း(၈၄၅.၃၀)ဖြစ်ပြီး၊ တစ်နှစ်အတွက် ကျပ်သန်းပေါင်း (၁၀၁၄၃.၆၀၀) အသုံးပြု ထောက်ပံ့ပေးလျက်ရှိနေပါတယ်။ စရိတ်ခြီးမြှင့်ငွေနှင့် ရုံးအသုံးစရိတ် တစ်လလျှင် စုစုပေါင်း ကျပ်သန်းပေါင်း (၂၀၂၈.၇၂)နှင့် တစ်နှစ်လုံးအတွက် ကျပ်သန်းပေါင်း (၂၄၃၄၄.၆၄၀)ကို ထောက်ပံ့သုံးစွဲပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ရပ်ကွက်၊ ကျေးရွာအဆင့် အငယ်တန်းစာရေးများ ခန့်အပ်မှုအနေဖြင့် ဖွဲ့စည်းပုံအရ (၁၆၉၀၆) ဦးအနက်ကနေပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအထိ (၁၅၈၁၄)ဦးကိုလည်း ခန့်အပ်တာဝန်ပေးထားရှိပြီးတော့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးရုံးများရဲ့ လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိပါတယ်။

သို့ပါ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လစဉ်ခြီးမြှင့်ထောက်ပံ့ငွေ တိုးမြှင့်ပေးရန် ကိစ္စနှင့်စပ်လျဉ်းပြီး နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အခြေအနေနှင့် အခြေအနေအရပ် ရပ်အပေါ်မူတည်ပြီး လွှမ်းခြုံထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း ဖြစ်တဲ့အတွက် လက်ရှိအခြေအနေများအရ တိုးမြှင့်ထောက်ပံ့ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ထုတ်ပေးလျက်ရှိတဲ့ နိုင်ငံကူးလက်မှတ်အမျိုးအစားများမှာ သံတမန်နိုင်ငံကူးလက်မှတ်၊ အထူးနိုင်ငံကူးလက်မှတ်နှင့်

သာမန်နိုင်ငံကူးလက်မှတ်များ ဖြစ်ပြီး သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်တို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပေးလျက်ရှိပါတယ်။ သာမန် မြန်မာနိုင်ငံကူးလက်မှတ်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တို့မှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က စိစစ်ထုတ်ပေးလျက် ရှိပါတယ်။

သာမန်မြန်မာနိုင်ငံကူးလက်မှတ်များမှာ အလည်အပတ်သွားရောက်လိုသူများ၊ အလုပ်အကိုင်ဖြင့် သွားရောက်လိုသူများ၊ ကျောင်းတက်သွားမည့်သူများနှင့် စီးပွားရေးလုပ်ကိုင်လိုသူများ၊ ဘာသာရေးကိစ္စဆောင်ရွက်ရန်အတွက် သွားရောက်လိုသူများ၊ နိုင်ငံခြားရှိ မိဘဆွေမျိုးများထံ မှီခိုရန်အတွက် သွားရောက်လိုသူများနှင့် သဘော်သားများ၊ သဘော်သားလုပ်ငန်းအတွက် သွားရောက်လိုသူများ ဆိုပြီးတော့ အမျိုးအစား(၇)မျိုးဖြင့် နိုင်ငံကူးလက်မှတ်များ လျှောက်ထားထုတ်ပေးလျက်ရှိပါတယ်။ သာမန် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးမှာ စာအုပ်ထုတ်လုပ်ခြင်း(Booklet Production) နှင့်ကိုယ်ရေးအချက်အလက်များ စာအုပ်ပေါ်တွင် ပုံနှိပ်ခြင်း(Biodata Printing) စသည့် လုပ်ငန်းစဉ် အဆင့်(၂)ဆင့် ဆောင်ရွက်ရပါတယ်။ လက်ရှိ စာအုပ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံး လက်အောက်မှာရှိတဲ့ လုံခြုံရေးဆိုင်ရာပုံနှိပ်လုပ်ငန်းများ၊ ဆောင်ရွက်တဲ့စက်ရုံများမှ ဆောင်ရွက်ပေးလျက်ရှိပြီးတော့ ကိုယ်ရေးအချက်အလက်များ ပုံနှိပ်ခြင်းလုပ်ငန်းကို သာမန်မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး (ရန်ကုန်) နှင့် ပြည်ပနိုင်ငံများမှာရှိတဲ့ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှာ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံး လက်အောက်မှာရှိတဲ့ စက်ရုံကနေပြီးတော့ နိုင်ငံကူးလက်မှတ်စာအုပ်များ ထုတ်လုပ်ရာမှာ အတုအပမပြုလုပ်နိုင်စေဖို့အတွက် လုံခြုံမှုရှိစေရန် ထုတ်လုပ်သည့် စာအုပ်အရေအတွက်အတိုင်း စာအုပ်နံပါတ်များကို Register ပြုလုပ်ပြီး စာအုပ်ပေါ်၌ နိုင်ငံကူးလက်မှတ် Passport Number တွေကို အပေါက်ဖောက်ဆောင်ရွက်ပြီး မှာယူရသည့်အရေအတွက်အတိုင်းပဲ အပိုအလိုမရှိ အတိအကျ ထုတ်ပေးလျက်ရှိပါတယ်။ သာမန်မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး (ရန်ကုန်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှာရှိတဲ့ သာမန်မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးများသို့ လာရောက်လျှောက်ထားသူများရဲ့ ကိုယ်ရေးအချက်အလက်များကို ပုံနှိပ်ရာမှာ နိုင်ငံကူးလက်မှတ် နံပါတ်ပါဝင်တဲ့ စာအုပ်ပေါ်မှာ လျှောက်ထားသူရဲ့ ဓာတ်ပုံ၊ အမည်နှင့် ကိုယ်ရေးအချက်အလက်များကို ပုံနှိပ်ခြင်း ဖြစ်ပါတယ်။

နိုင်ငံကူးလက်မှတ်နံပါတ်ဟာ စာအုပ်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်မှာ ထည့်သွင်းဆောင်ရွက်ရခြင်း ဖြစ်တဲ့အတွက် သက်တမ်းတိုးလာရောက်လျှောက်ထားသူများ၊ သက်တမ်းရှိသော်လည်း စာရွက်ကုန်နေသူများနှင့် စာအုပ်ပျက်စီးပျောက်ဆုံးမှု လျှောက်ထားသူအားလုံးက လျှောက်ထားလာပါက စာအုပ်နံပါတ်အဟောင်း နံပါတ်စဉ်အတိုင်း ထုတ်ပေးနိုင်ခြင်းမရှိဘဲအသစ်ပြောင်းလဲ ထုတ်ပေးနေခြင်း ဖြစ်ပါတယ်။ ထိုသို့ထုတ်ပေးရာမှာ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့အနေနှင့် သာမန်မြန်မာနိုင်ငံကူးလက်မှတ် စာမျက်နှာ (၆)မှာ ယခင်စာအုပ်အဟောင်းနံပါတ်ထုတ်ပေးတဲ့ နေရာနှင့် ထုတ်ပေးတဲ့ ရက်စွဲတွေကို ဖော်ပြပါရှိတဲ့ Observation တံဆိပ်တုံးကို ရိုက်နှိပ်ထုတ်ပေးလျက်

ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ အကြံပြုချက်များမှာလည်း စာအုပ်ထုတ်လုပ်သည့် စက်ရုံမှ နိုင်ငံကူးလက်မှတ် ထုတ်ပေးတဲ့ ရုံးသို့ ပေးပို့ရာမှာ နိုင်ငံကူးလက်မှတ်မပါဝင်သည့် စာအုပ်များပေးပို့ခြင်းဟာ အကြောင်းတစ်စုံတစ်ရာကြောင့် ပျောက်ဆုံးရသည့် ဖြစ်စဉ်များ ပေါ်ပေါက်လာပါက ပျောက်ဆုံး စာအုပ်အတွင်းရှိ နံပါတ်တွဲများကို နိုင်ငံတကာအမှုအခင်းအဖွဲ့အစည်းများသို့ အကြောင်းကြားနိုင်ခြင်း မရှိသည့်အတွက် မပြုလုပ်ရန် အကြံပြုချက်များ ပေးပို့ထားရှိပါတယ်။

ဒါ့အပြင် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ (International Civil Aviation Organization-ICAO) ရဲ့ စံနှုန်းသတ်မှတ်ချက်တွေမှာလည်း ခိုင်မာလုံခြုံမှုရှိသော စာရွက်စာတမ်းဖြစ်ဖို့အတွက် အဆိုပါစာရွက်စာတမ်းတွေပါသော နံပါတ်ကို အခြားစာရွက်စာတမ်းတွင် ပြန်လည်အသုံးမပြုရဟုဆိုသော အကြံပြုချက်များပါရှိခြင်း၊ နိုင်ငံကူးလက်မှတ်များ ပျောက်ဆုံးသည့် ဖြစ်စဉ်များ ပေါ်ပေါက်လာပါက ပျောက်ဆုံးစာအုပ်၏ နံပါတ်တွဲများကို နိုင်ငံတကာအမှုအခင်းအဖွဲ့အစည်းများသို့ အကြောင်းကြားနိုင်ပြီး ပေါင်းစပ်ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံကူးလက်မှတ်စာအုပ်များ အတုအပ မပြုနိုင်စေရေးကို ရည်ရွယ်ကာ ထုတ်လုပ်သည့် စာအုပ်အရေအတွက်အတိုင်းမှာ စာအုပ်နံပါတ်တွေကို Register ပြုလုပ်ပြီး စာအုပ်ပေါ်၌ နိုင်ငံကူးလက်မှတ်၊ Passport Number တွေကို အပေါက်ဖောက်တဲ့ စနစ်နှင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် အာဆီယံဒေသတွင်းနိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံမှာ ယခင်က နိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးထုတ်ပေးရာမှာ နိုင်ငံကူးလက်မှတ် အဟောင်းနံပါတ်အတိုင်း ပြန်လည်ထုတ်ပေးခဲ့ဘူးသော်လည်းပဲ နိုင်ငံတကာစံနှုန်းများနှင့် ပြန်လည်ကိုက်ညီစေရန်အတွက် ယခုအခါမှာတော့ စာအုပ်နံပါတ်အသစ်ဖြင့်သာ သက်တမ်းတိုးထုတ်ပေးလျက် ရှိကြောင်းလည်း သိရှိရပါတယ်။ အလားတူ အမေရိကန်၊ ဗြိတိန်ကဲ့သို့သော နိုင်ငံကြီးများမှာလည်း နိုင်ငံကူးလက်မှတ် သက်တမ်းတိုးထုတ်ပေးရာမှာ စာအုပ်နံပါတ်အသစ်ဖြင့်သာ ထုတ်ပေးလျက်ရှိကြောင်းလည်း သိရှိရပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်များ စာရွက်ကုန်ဆုံးခြင်းနှင့် သက်တမ်းတိုးခြင်း ပျောက်ဆုံးပျက်စီးခြင်းများအတွက် စာအုပ်အသစ်များထုတ်ပေးရာမှာ ယခင်စာအုပ်အဟောင်းနံပါတ်ဖြင့် ထုတ်ပေးခြင်းမရှိဘဲ စာအုပ်နံပါတ်အသစ်ဖြင့်သာ ထုတ်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံကူးလက်မှတ်များကို နိုင်ငံသားမှတ်ပုံတင်နံပါတ်များကဲ့သို့ အပြောင်းအလဲမရှိ ထုတ်ပေးရန်အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀းဝ၃။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ တလန်ရွား(က)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ (၉၀ x ၃၀ x ၁၀)ပေ ကျောင်းဆောင်သည် လေမုန်တိုင်းဒဏ်ကြောင့် ပြိုလဲပျက်စီးသွားပါသဖြင့် ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၃၃။

ဥက္ကဋ္ဌ။　　။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ တလန်ရွား(က)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ (၉၀ x ၃၀ x ၁၀)ပေ ကျောင်းဆောင်သည် လေမုန်တိုင်းဒဏ်ကြောင့် ပြိုလဲပျက်စီးသွားပါသဖြင့် ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၃၃။

ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ တလန်ရွား(က)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ (၉၀ x ၃၀ x ၁၀)ပေ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးကျောင်းဆောင်ဟာ ၂၀၁၂ ခုနှစ်၊ မေလ (၁၂)ရက်နေ့တွင် အချိန်အခါမဟုတ် ကျရောက်သော လေမုန်တိုင်းဒဏ်ကြောင့် ပြိုလဲပျက်စီးပြီး ၎င်းအား ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် တလန်ရွား(က) ကျေးရွာဟာ ၁-၆-၁၉၆၆ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်ခဲ့ပါတယ်။ အခြေခံပညာ မူလွန်ကျောင်းကို ၁-၆-၂၀၀၃ ခုနှစ် တွင်လည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို ၁-၆-၂၀၁၅ ခုနှစ်တွင် အသီးသီးအဆင့်တိုးမြှင့်ခဲ့ပါတယ်။ ဤကျောင်းတွင် ကျောင်းသားလူငယ်ပေါင်း သူငယ်တန်းမှ ပဉ္စမတန်းအထိ စုစုပေါင်း(၁၂၆)ဦး ပညာသင်ကြားနေရပါတယ်။ လက်ရှိပြိုလဲနေသော ကျောင်းဆောင်(၂)ကို လူထုလုပ်အားဖြင့် (၉၀ x ၃၀ x ၁၀)ပေ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး ဖြင့်ဆောက်လုပ်ခဲ့ရာ ၂၀၁၂ခုနှစ်၊ မေလ(၁၂)ရက်တွင် ပြင်းထန်စွာ တိုက်ခတ်သော လေမုန်တိုင်းဒဏ်ကြောင့် ပြိုလဲပျက်စီးခဲ့ပါတယ်။

ထိုအခါ အခြေခံပညာညွှန်ကြားရေးမှူးဦးစီးဌာနမှ ၂၀၁၃ခုနှစ်၊ ဘဏ္ဍာရေးနှစ် ၀၄း၀၂ လေဒဏ်ခေါင်းစဉ်ဖြင့် ကျပ်သိန်း(၄၀)ခွဲ၀ေထောက်ပံ့ခဲ့သဖြင့် အစိုးရနှင့် ပြည်သူလူထုပူးပေါင်းလျက် ပြန်လည်ဆောက်လုပ်ခဲ့ရာ အမိုးမိုးသည်အထိ ပြီးစီးခဲ့သော်လည်း ရန်ပုံငွေမလုံလောက်ပါသဖြင့် အကာ၊ အခင်း၊ မျက်နှာကြက်၊ တံခါးပေါက်၊ ပြတင်းပေါက်၊ လိုက်ကာ၊ ပရိဘောဂများ ပြုလုပ်ရန် ကျန်ရှိနေပါတယ်။ ရန်ပုံငွေတောင်းခံသည့် အမှုတွဲကိုလည်း တင်ပြထားပြီး ဖြစ်ပါတယ်။ မိမိကိုယ်တိုင် မတ်လ(၂၅)ရက်နေ့ ရောက်ရှိခဲ့စဉ် အဆိုပါကျောင်းဆောင်(၂)အား ဖော်ပြပါအတိုင်း တွေ့ရှိရပါသဖြင့် ကျောင်းသားမိဘများ၊ လူထုများမှ သက်ဆိုင်ရာသို့ တင်ပြပေးရန် တောင်းဆိုကြပါတယ်။ မိမိသည် ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးအတွေ့အကြုံ ရှင်းလင်းရန် ၉-၁-၂၀၁၈

နှင့်တလန်ရွား(က)ကျေးရွာသို့ ရောက်ရှိခဲ့စဉ် အဆိုပါကျောင်းဆောင်ဟာ တန်းလန်းကြီးရပ်နေတာကို တွေ့ရှိရပါတယ်။

ဧပြီလနှင့်မေလဆန်းတွင် လေမုန်တိုင်းများကျရောက်တတ်သည့်အတွက် အချိန်မီပြီးစီးအောင်ဆောက်လုပ်နိုင်ခြင်းမရှိပါက ၎င်းကျောင်းဆောင်အား ပြိုလဲပျက်စီးနိုင်သည့် အနေအထားတွင်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်၍ အပြီးသတ်ဆောက်လုပ်နိုင်ရန် ကျန်ရှိနေသော အကာ၊ မျက်နှာကြက်နှင့် အခင်းတမံသလင်း၊ လိုက်ကာများ၊ ပြတင်းပေါက်၊ တံခါးပေါက်များ ပြုလုပ်နိုင်ရန်အတွက် ကျွမ်းကျင်သူ အင်ဂျင်နီယာ၏ တွက်ချက်မှုအရ ကျပ်သိန်း(၃၀၀)လိုအပ်နေတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စု ပညာရေးဝန်ကြီးအား လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ပင်မအခြေခံပညာ အထက်တန်းကျောင်းရှိ ဟောင်းနွမ်းနေပြီဖြစ်သော ဝန်ထမ်းအိမ်ရာ (၇)ဆောင်နှင့် မြို့နယ်ပညာရေးမှူး နေအိမ်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

အချိန်၊ ၁၀း၃၆။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ပင်မအခြေခံပညာ အထက်တန်းကျောင်းရှိ ဟောင်းနွမ်းနေပြီဖြစ်သော ဝန်ထမ်းအိမ်ရာ (၇)ဆောင်နှင့် မြို့နယ်ပညာရေးမှူး နေအိမ်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၃၆။

ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်၊ ပလက်ဝမြို့နယ် ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်သော ပလက်ဝမြို့သည် မြို့ပေါ် (၃)ရပ်ကွက်ရှိပြီး လူဦးရေ(၇၀၀၀) နီးပါးကျော် နေထိုင်လျက် ရှိပါတယ်။ မြို့ပေါ်တွင် အ.ထ.က ကျောင်းနှစ်ခုရှိပြီး၊ မြို့မရပ်ကွက် ပင်မအမှတ်(၁)အ.ထ.က ကျောင်းတွင် ယခုလက်ရှိ ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားဦးရေမှာ (၁၂၀၀)ဦးခန့် ပညာသင်ကြားလျက် ရှိပါတယ်။ ပလက်ဝမြို့၊ ပင်မအခြေခံပညာအထက်တန်းကျောင်းတွင် အခြားမြို့၊ ရွာများမှ တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများ ဝန်ထမ်းအင်အား (၂၅)ဦးခန့် ကလေးများကို ပညာသင်ကြားလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တင်ပြပါ အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ နေထိုင်လျက်ရှိသော အဆောင်များမှာ ယခုအခါ မိုးဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်များကြောင့် ပျက်စီးနေလျက်ရှိပါတယ်။ နှစ်ပေါင်းအားဖြင့် နှစ်(၅၀)ဝန်းကျင်ခန့် ရှိပြီဟု ယူဆရပါတယ်။ ဆရာ၊ ဆရာမများ စိတ်ချလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။ ထို့အတူ မြို့နယ်ပညာရေးမှူး

နေအိမ်သည်လည်း နှစ်ပေါင်း(၅၀)ကျော်ခန့် ရှိပြီဖြစ်၍ ပျက်စီးယိုယွင်းလျက်ရှိပါတယ်။ အနာဂတ် ပညာရေးစနစ်မြင့်မားလာစေရေး၊ အေးချမ်းလုံခြုံစွာနေထိုင်ရေး၊ ပညာသင်ကြားနိုင်ရေးနှင့် နိုင်ငံ့တာဝန် ထမ်းဆောင်နေသော ဆရာ၊ဆရာမများအတွက် ဝန်ထမ်းအိမ်ရာများကို အထူးစဉ်းစားဆောင်ရွက် ပေးဖို့ လိုအပ်နေသည်မှာ မြေပြင်အနေအထားများအရ မြင်တွေ့ရလျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်ပုံ Power Point တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။ ဒါက အဆောင်(၁) ဖြစ်ပါတယ်ခင်ဗျား။ အခုတွေ့ရှိနေတဲ့ အနေအထားဖြစ်ပါတယ်။ ဒါက အဆောင်(၂) ဖြစ်ပါတယ်ခင်ဗျား။ ဒါလည်း အဆောင်(၃)ဖြစ်ပါတယ်။ ဒါက အဆောင်(၄)ဖြစ်ပါတယ် ခင်ဗျား။ ဒါက အဆောင်(၅) ဖြစ်ပါတယ်ခင်ဗျား။ ဒါက အဆောင်(၆) ဖြစ်ပါတယ်ခင်ဗျား။ (၇)ပါ။ ဒါက မြို့နယ်ပညာရေးမှူးနေအိမ်ပါ။ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျလျက်ရှိသော ဒေသတွင် အခုလိုမျိုး ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် အလဟဿ မဆုံးရှုံး စေနိုင်ပါ။ သို့ဖြစ်ပါ၍ လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ပင်မ အ.ထ.က ကျောင်းတွင် ဟောင်းနွမ်းနေပြီဖြစ်သော ဝန်ထမ်းအိမ်ရာ (၇)ဆောင်နှင့် မြို့နယ် ပညာရေးမှူး နေအိမ်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဝန်ထမ်းနေအိမ် အဆောင်(၁)၏ မြင်ကွင်းပုံ (ဏဏ)

ဝန်ထမ်းနေအိမ် အဆောင်(၂)၏ မြင်ကွင်းပုံ (ကာကာ-၁)

မြို့နယ် ပညာရေးမှူးနေအိမ်၏ မြင်ကွင်းပုံ (ကာကာ-၂)

အချိန်၊ ၁၀း၃၉။

ဥက္ကဋ္ဌ။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၃၉။

ဖြေကြားချက်

ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘွဲခိန်း ရဲ့ မေးမြန်းချက်ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုဖို့လို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒီ ပညာရေးဝန်ကြီးဌာနအနေနှင့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ တလန်ရွာ ကျေးရွာအုပ်စု၊ တလန်ရွာ(က)ကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှာရှိတဲ့ ၂၀၁၂ ခုနှစ်၊ မေလမှာ လေဒဏ်ခံခဲ့ရတဲ့အတွက်ကြောင့်မို့လို့ ပြန်လည်ဆောက်လုပ်ခဲ့ရာမှာ အပြီးမသတ်နိုင်သေးတဲ့ (၉၀ x ၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာကျောင်းဆောင် (၉၀ x ၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်ဆောင် အဖြစ် အပြီးသတ်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ သာမန်အသုံး စရိတ်ရန်ပုံငွေ 04:02 ခေါင်းစဉ်အောက်မှ ငွေကျပ်သိန်း(၃၀၀)ကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ကျွန်တော်တို့ ခွဲဝေပေးထားပြီးတော့မှ အပြီးသတ်ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ ကျောင်းဆောင်ပုံတွေ ဖြစ်ပါတယ်။ ဒါကတော့ လက်ရှိကျောင်းဆောင် ဖြစ်ပါတယ်။ ဒီ ကျောင်းဆောင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါ အခုဆိုလို့ရှိရင် ဘေးကာတွေနှင့် အမိုးတွေကို ကျွန်တော်တို့ ဒါ အပြီးသတ် ပြင်ဆင်ဆောင်ရွက်နေတဲ့ ကျွန်တော်တို့ ဒါ အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနှင့် ဒါ ပြင်ဆင်နိုင်ဖို့လို့အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီးတော့မှ တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ငွေလုံးငွေရင်း တည်ဆောက်ရေးလုပ်ငန်းတွေကို လျှာထားတဲ့အခါ မှာတော့ ဒီ ကျောင်းသား၊ ကျောင်းသူ တိုးတက်များပြားလာတဲ့အတွက်ကြောင့်မို့လို့ လိုအပ်နေတဲ့ စာသင်ဆောင်တွေ၊ အန္တရာယ်ရှိ ကျောင်းဆောင်တွေ၊ ဒါတွေအပေါ်မှာ မူတည်ပြီးတော့မှ ကျွန်တော်တို့ ဒါ ကျောင်းတွေကို ဦးစားပေးအဆင့် သတ်မှတ်ပြီးတော့မှ စနစ်တကျ ပြုစုဆောင်ရွက်လျက်ရှိပါတယ်။ ယခု လောလောဆယ် ယာယီပြုစုလျက်ရှိတဲ့ စီမံကိန်းလုပ်ငန်းတွေအရ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် အတွက် အခြေခံပညာကျောင်းပေါင်း (၂၆)ကျောင်းအတွက် ကျွန်တော်တို့ မြို့နယ်ဦးစားပေး အစီအစဉ် အရ တန်းစီဇယားအရ ထည့်သွင်းဆောင်ရွက်ထားပါတယ်။

အဲဒီအထဲမှာတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပလက်ဝ အခြေခံပညာအထက်တန်း ကျောင်းမှာ ဝန်ထမ်းအိမ်ရာအနေနှင့် (၂၄x၂၀)ပေ သွပ်မိုး၊ ဝါးကာ၊ ပျဉ်ခင်း တစ်ထပ်ဆောင် (၅)ဆောင် ရှိပါတယ်။ (၄၀x၂၀)ပေ သွပ်မိုး၊ ဝါးကာ၊ ပျဉ်ခင်း တစ်ထပ်ဆောင်(၂)ဆောင် ရှိပါတယ်။ စုစုပေါင်း ဝန်ထမ်းအိမ်ရာ(၇)ဆောင်ရှိပါတယ်။ ဝန်ထမ်းအိမ်ရာ (၇)ဆောင်အနက် ကျွန်တော်တို့ (၂၄x၂၀)ပေ

သွပ်မိုး၊ ဝါးကာ၊ ပျဉ်ခင်း တစ်ထပ်ဆောင်(၁)ဆောင်ကတော့ လုံးဝပျက်စီးနေတာကို စိစစ်တွေ့ရှိရပါတယ်။ ဝန်ထမ်းအင်အားအနေနှင့်လည်း ကျောင်းအုပ် (၁)ဦး၊ အထက်တန်းပြ(၂၄)ဦး၊ အလယ်တန်းပြ(၁၉)ဦး၊ မူလတန်းပြ(၁၂)ဦး၊ ရုံးဝန်ထမ်း(၉)ဦးနှင့် စုစုပေါင်း(၆၅)ဦးနှင့် ကျောင်းသား၊ ကျောင်းသူ(၁၂၀၀)ဦးခန့်ကို ကျွန်တော်တို့ ဒါ ပညာသင်ကြားပေးလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒါကတော့ ကျွန်တော်တို့ ဒါ ပလက်ဝမြို့၊ အခြေခံပညာအထက်တန်းကျောင်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အထက်တန်းကျောင်းရဲ့ ဝန်ထမ်းအိမ်ရာ(၁)ဖြစ်ပါတယ်။ ခုနတုန်းက လွတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ပုံတွေနှင့် အတူတူပဲ ဖြစ်ပါတယ်။ ဒါလည်းပဲ ဝန်ထမ်းအိမ်ရာ(၂) ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာ(၃) ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာ(၄)ရဲ့ အရှေ့၊ အနောက်၊ ဘေးဘယ်ညာ ပုံတွေဖြစ်ပါတယ်။ ဒါ ဝန်ထမ်းအိမ်ရာ(၅)ရဲ့ ပုံတွေဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာတွေကတော့ တော်တော်လေး ဥပမိရုပ်မကောင်းတာကို ကျွန်တော်တို့ ပုံပါအတိုင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ ဝန်ထမ်းအိမ်ရာ(၆) ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းအိမ်ရာ(၇) ဖြစ်ပါတယ်။ နောက်တစ်ပုံကတော့ မြို့နယ်ပညာရေးမှူးရဲ့ အိမ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ထမ်းအိမ်ရာ (၇)ခုနှင့် မြို့နယ် ပညာရေးမှူးနေအိမ်တွေကိုတော့ ကျွန်တော်တို့အနေနှင့် ပုံတွေမှာတွေ့ရတဲ့အတိုင်းပဲ အင်မတန်ကို ဥပမိရုပ်မကောင်းဘဲနှင့် ပျက်စီးနေတာတွေ့ရပါတယ်။ သို့သော် ပညာရေးဝန်ကြီးဌာနအနေနှင့်လည်း အန္တရာယ်ရှိကျောင်းတွေ ကျောင်းသားဦးရေ တိုးတက်လာမှုအရ တိုးချဲ့တည်ဆောက်ပေးရမယ့် ကျောင်းဆောင်တွေ ရှိနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရဲ့ ဦးစားပေး လုပ်ငန်းအစီအစဉ်ထဲမှာတော့ မပါသေးပါဘူး။ သို့သော် ကျွန်တော်တို့ ပြုစုဆဲဖြစ်တဲ့အတွက် ဒါလေးကိုတော့ ကျွန်တော်တို့ ပြန်လည်ပြီးတော့ စိစစ်ဆောင်ရွက်ပေးပါမယ်။ အကယ်၍ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ မရခဲ့ရင်တော့ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ရရှိနိုင်ရေးကိုတော့ ကျွန်တော် ဦးစားပေး စီစဉ်ဆောင်ရွက်ပေးသွားပါမယ်။ အကယ်၍ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်မှာ မရခဲ့ဘူးဆိုရင်တော့ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာနကလည်းပဲ ကျွန်တော်တို့ကို ဒီ နယ်စပ်ဒေသတွေမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ လိုအပ်နေတဲ့ ဝန်ထမ်းအိမ်ရာတွေကို ကျွန်တော်တို့ကိုလည်း ပူးပေါင်းပြီးတော့ ဖြည့်ဆည်းဆောင်ရွက် ပေးနေတာ ဖြစ်တဲ့အတွက် ဒါကိုလည်း ကျွန်တော်ညှိနှိုင်းပြီးတော့ အရနိုင်ဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီပုံပါအတိုင်း တွေ့ရတဲ့အတွက်လည်း အင်မတန် စိတ်မကောင်းပါဘူး။ သို့သော် ကျွန်တော်တို့ ဦးစားပေးအစီအစဉ်အရ အတတ်နိုင်ဆုံး စဉ်းစားပြီးတော့ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း

အချိန်၊ ၁၀း၄၆။

ဥက္ကဋ္ဌ။　　။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

အချိန်၊ ၁၀း၄၇။

ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်အုန်းကြည်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်း အပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁) ၁/၂၀၁၈ - ၁၃၃
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

၁။　　မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို (၂၃-၁-၂၀၁၈)ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၅)ဦးတို့က (၃၀-၁-၂၀၁၈)ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ အကြံပြုဆွေးနွေးခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဟိုတယ် လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်များနှင့် (၇-၂-၂၀၁၈)ရက်နေ့နှင့် (၈-၂-၂၀၁၈)ရက်နေ့တို့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်း ကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ခရီးသွားလုပ်ငန်း အမျိုးအစားများနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ပိုမိုပေါ်လွင်မှုရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၂ အပိုဒ်ခွဲ(က)၏နောက်တွင် အပိုဒ် ၂ အပိုဒ်ခွဲ(ခ)အဖြစ် ခရီးသွားလုပ်ငန်း အမျိုးအစားဆိုသည်မှာ အပန်းဖြေခရီးစဉ်၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ လေ့လာခြင်းခရီးစဉ်၊ သဘာဝအခြေခံခရီးစဉ်၊ အဏ္ဏဝါခရီးစဉ်၊ ခြေလျင်တောင်တက်နှင့် စွန့်စားမှုခရီးစဉ်၊ တောလမ်း ကားမောင်းပြိုင်ပွဲနှင့် ကားအပျော်ခရီးစဉ်၊ စက်ဘီးစီးခရီးစဉ်၊ မီးပုံးပျံခရီးစဉ်၊ ဆုတောင်းဝတ်ပြုခရီးစဉ်၊ အပျော်စီးသင်္ဘောခရီးစဉ်၊ စင်းလုံးဌားလေယာဉ် ခရီးစဉ်၊ အားကစားအခြေပြု ခရီးသွားလုပ်ငန်း၊ ကျန်းမာရေး အခြေပြု ခရီးသွားလုပ်ငန်း အပါအဝင် ခရီးသွားအခြေပြုလုပ်ငန်းများအားလုံးကိုဆိုသည် ဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အပိုဒ်ခွဲ(ဂ)ကို အပိုဒ်ခွဲ(ဃ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော ဌားရမ်းနေထိုင်ခွင့်ပေးသည့် အဆောက်အအုံ သို့မဟုတ် စခန်းချနေရာ ဆိုသည့်စကားရပ်ကို ဌားရမ်းနေထိုင် ခွင့်ပေးသည့် အဆောက်အအုံ သို့မဟုတ် စခန်းချနေရာ သို့မဟုတ် နေအိမ်ကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဆ)ကို အပိုဒ်ခွဲ(ဇ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော အခြားဝန်ဆောင်မှုများ စီစဉ်လုပ်ကိုင်ပေးသည့် စီးပွားရေးလုပ်ငန်းကိုဆိုသည် ဆိုသည့်စကားရပ်ကို အခြားဝန်ဆောင်မှုများ စီစဉ်လုပ်ကိုင် ဖြည့်ဆည်းဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

(ခ) ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၃၊ အပိုဒ်ခွဲ (စ)တွင် ဖော်ပြထားသော စကားရပ်များအစားတာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဒေသခံများ၏စီးပွားရေးအခွင့်အလမ်းများ၊ လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အပိုဒ်ခွဲ(စ)၏နောက်တွင် အပိုဒ်ခွဲ(ဆ)အဖြစ် ခရီးသွားလုပ်ငန်းကို အခြေပြု၍ ဒေသအလိုက်ဆက်စပ် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်၊ ဒေသခံများ၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူထုအခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အပိုဒ် ၅၊ အပိုဒ်ခွဲ (ဃ)တွင် ဖော်ပြထားသော စကားရပ်အစား ခရီးသွားလုပ်ငန်းဆိုင်ရာ ပင်မစီမံကိန်းများ၊ မဟာဗျူဟာများနှင့် လုပ်ငန်း

စီမံကိန်းများ ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ရေး လမ်းညွှန်ကြီးကြပ်ကွပ်ကဲခြင်း၊ ခရီးသွားလုပ်ငန်းကိုအခြေပြု၍ ဒေသအလိုက် ဆက်စပ်စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်၊ ဒေသခံများ၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူထုအခြေပြုခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာ စေရေးအတွက် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၅၊ အပိုဒ်ခွဲ(စ)တွင် ဖော်ပြထားသော သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံများ ဆိုသည့်စကားရပ်ကို သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံများ ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်းနှင့် အဖွဲ့ဝင်ဦးရေ သတ်မှတ်ချက် တိကျမှုရှိစေရန်အတွက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၆၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၄)နှင့် (၅)တို့အဖြစ် အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၆။　(က)　(၄)　ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်(၅)ဦး အဖွဲ့ဝင်များ

(၅)　ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၁၀)ဦး အဖွဲ့ဝင်များ

(ဂ)　ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၇၊ အပိုဒ်ခွဲ (ဆ)တွင် ဖော်ပြထားသော လက်ရှိလုပ်ငန်းဆောင်ရွက်နေသောဆိုသည့် စကားရပ်ကို နိုင်ငံတစ်ဝန်း လက်ရှိဆောင်ရွက်နေသော ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဇ)တွင် ဖော်ပြထားသော ခရီးသွားဒေသအသစ်များ ဆိုသည့်စကားရပ်ကို ခရီးစဉ်ဒေသအသစ်များ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော ခရီးစဉ်များသတ်မှတ်ရမည် ဆိုသည့်စကားရပ်ကို ခရီးစဉ်များ၊ ခရီးစဉ်ဒေသများ သတ်မှတ်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၏နောက်တွင် အပိုဒ်ခွဲငယ်(၂)အဖြစ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် တတ်သိပညာရှင် ဒုတိယဥက္ကဋ္ဌ ဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက်၍ လည်းကောင်း၊ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၉၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ်(၂)၊ (၄)တို့ကို အပိုဒ်ခွဲငယ်(၃)၊ (၅)တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်

၉။　(က)　(၃)　သက်ဆိုင်ရာအစိုးရဌာနမှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်(၆)ဦး အဖွဲ့ဝင်များ

(၅)　ခရီးသွားလုပ်ငန်းဆိုင်ရာပုဂ္ဂလိကအဖွဲ့အစည်းများမှ ဒေသခံ ကိုယ်စားလှယ်(၃)ဦး အဖွဲ့ဝင်များ

(ဃ)　ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ဌ)တွင် ဖော်ပြထားသော စကားရပ်များအစား ဗဟိုကော်မတီ၏ ခွင့်ပြုချက်

ဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု အားနည်းသည့် ဒေသများတွင် နေအိမ်များ အပါအဝင်ဖြစ်သည့် ခရီးသည် တည်းခိုနေထိုင်ရန် နေရာများကို သတ်မှတ်ပေးခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော လုပ်ငန်း ကော်မတီနှင့် ဝန်ကြီးဌာန ဆိုသည့်စကားရပ်ကို လုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီနှင့် ဝန်ကြီးဌာန ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အရေးအသား ကျစ်လစ်မှုရှိစေရန်အတွက် အပိုဒ်ခွဲ(ဇ)တွင် ဖော်ပြ ထားသော သုတေသနပြုလုပ်ခြင်း၊ လေ့လာခြင်း ဆိုသည့်စကားရပ်ကို သုတေသန ပြုလုပ်လေ့လာခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(စျ)တွင် ဖော်ပြ ထားသော စကားရပ်များအစား ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများက လုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြလာပါက သက်ဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီသို့ လမ်းညွှန်မှုပြုနိုင်ရန် တင်ပြခြင်း ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော နိုင်ငံတကာ စံချိန် စံညွှန်းများနှင့်အညီ ဆိုသည့်စကားရပ်ကို နိုင်ငံတကာအဆင့်မီ ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၁၈ တွင် ဖော်ပြထားသော စကားရပ်များအစားပုဒ်မ ၁၆ ပါ ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီက သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြင်ဆင်ခြင်းပြုနိုင်သည် ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့ သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဟိုတယ် လုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်မှပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်း ကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များ အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

အချိန်၊ ၁၀း၅၉။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၅၉။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်ကို တင်ပြပါမယ်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဤပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီ၏ ဥပဒေကြမ်းပြင်ဆင်ချက် -

အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(စ)မှ(ဌ)အထိ၊ အပိုဒ် ၂(နှ) ပြင်ဆင်ဖြည့်စွက်ချက် တို့ကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(စ)မှ(ဌ)အထိ၊ အပိုဒ် ၂(နှ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ဥပဒေကြမ်းပြင်ဆင် ဖြည့်စွက်ချက်များ ဖြစ်သော -

အပိုဒ် ၃(က)(စ)(ဆ)၊ အခန်း(၃)အခန်းခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ် ၅(က)မှ (ဆ)အထိ အထက် ဖော်ပြပါ ပြင်ဆင်ဖြည့်စွက်ချက်များကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(စ)(ဆ)၊ အခန်း(၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ် ၅(က)မှ(ဆ) အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်သော -

အခန်း(၄)အခန်းခေါင်းစဉ်၊ အပိုဒ် ၆(က) အပိုဒ်ခွဲ (၃) အပိုဒ်ခွဲ (၄) အပိုဒ်ခွဲ(၅)၊ အပိုဒ် ၆(ခ)(ဂ)၊ အပိုဒ် ၇(ခ)(ဇ)(စ) (ဆ)(ဇ)(စျ)၊ အပိုဒ် ၈(က)(ခ)(ဃ) တို့ကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၆ အပိုဒ်ခွဲငယ် (က) (၃)(၄)(၅)၊ အပိုဒ် ၆(ခ)(ဂ)၊ အပိုဒ် ၇(ခ)(ဇ)(စ)(ဆ)(ဇ)(စျ)၊ အပိုဒ် ၈ အပိုဒ်ခွဲ (က)(ခ)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်သော -

အခန်း(၆) အခန်းခေါင်းစဉ်၊ အပိုဒ် ၉(က) ခြေဆင်း၊ အပိုဒ် ၉(က) အပိုဒ်ခွဲငယ် (၂)မှ(၅) အထိ၊ အပိုဒ် ၉(ခ)(ဂ) အဆိုပါ ပြင်ဆင်ဖြည့်စွက်ချက်များကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆) အခန်းခေါင်းစဉ်၊ အပိုဒ် ၉(က) ခြေဆင်း၊ အပိုဒ် ၉ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၂) မှ (၅)အထိ၊ အပိုဒ် ၉ အပိုဒ်ခွဲ (ခ)(ဂ)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်သော -

အခန်း(၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀(ဂ) အပိုဒ်ခွဲငယ်(င) မှ (ဇ)အထိ၊ အပိုဒ် ၁၀ အပိုဒ်ခွဲ (ဌ)(ဍ)၊ အပိုဒ် ၁၁(က)(င)(စ)(ဇ)(ဈ) ပြင်ဆင်ဖြည့်စွက်ချက်များကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀(ဂ)(င)မှ(ဇ)အထိ၊ အပိုဒ် ၁၀(ဌ)(ဍ)၊ အပိုဒ် ၁၁(က)(င)(စ)(ဇ)(ဈ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြစ်သော -

အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ (က) အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ (ဂ) ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(က)(ခ)၊ အပိုဒ် ၁၄(ခ)၊ အပိုဒ် ၁၅(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြစ်သော -

အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ် ၁၉ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၁ တို့ကို ပြင်ဆင်ချက်များဖြင့် တင်ပြအပ်ပါတယ်။ ဒီ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ် ၁၉(ခ)(ဂ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြစ်သော -

အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ တို့ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြစ်သော -

အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ အပိုဒ်ခွဲ(၈) များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁(၈) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အဆိုပြုပြဋ္ဌာန်းချက်တွင် ပါရှိသော ခရီးသွားလာရေးလုပ်ငန်း ဆိုသည့် စကားရပ်အစား ခရီးသွားလုပ်ငန်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ ဆိုသည့် စကားရပ်အစား ခရီးသွားလုပ်ငန်းကော်မတီ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ဥပဒေကြမ်းတစ်ခုလုံးတွင် ပြောင်းလဲပြင်ဆင်ထားပါတယ်။ ယင်း ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်း နှင့် ခရီးသွားလုပ်ငန်းကော်မတီ ဆိုသည့်စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက် -

အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ (နှ)၊ အခန်း(၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၁၊ အပိုဒ် ၃၄ တို့ကို ပယ်ဖျက်ထားပါတယ်။ ယင်းပယ်ဖျက်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် အတည်ဖြစ်သည်။

ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အဖြစ် -

အမျိုးသားလွှတ်တော်က ယခုပြင်ဆင်ချက်ဖြင့် အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ဥပဒေကြမ်း၏ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြအပ်ပါတယ်ရှင်။ ယင်း ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်သည်။

ဥက္ကဋ္ဌ။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဥက္ကဋ္ဌ။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဥက္ကဋ္ဌ။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

အချိန်၊ ၁၁း၁၄။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသား

လွှတ်တော်က အတည်ပြုပေးဖို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

အချိန်၊ ၁၁း၁၄။

ဦးအုန်းမောင် (ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဖြစ်ပါတယ်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနဟာ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ ဥပဒေလေ့လာသူများအား ဖိတ်ခေါ်၍ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ် အတွင်း ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပြီး သဘောထားမှတ်ချက်များ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ရေးဆွဲပြုစုခဲ့ပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ လည်း စိစစ်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါတဲ့ ခရီးသွားလုပ်ငန်းကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၁း၁၅။

ဥက္ကဋ္ဌ။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

အချိန်၊ ၁၁း၁၅။

ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တင်သွင်းတဲ့ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြမင်းဆွေ က ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ခရီးသွားလာရေး လုပ်ငန်း ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

အချိန်၊ ၁၁း၁၇။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

အချိန်၊ ၁၁း၁၈။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၁း၁၈ နာရီအချိန်တွင်ရပ်နားပါသည်။]